FIRST NATIONAL INSURANCE
ASSURING PEACE OF MIND, THE ESSENCE OF LIFE

# အဓိကရုဏ်း၊ သပိတ် နှင့် မသမာဖျက်စီးခြင်း ပြင်ဆင်ချက်

## Riot, Strike and Malicious Damage Endorsement

ဤကုမ္ပဏီသို့ အာမခံထားသူပေးသွင်းသောအပိုပရီမီယံ ကျပ် ………………………………………………………… (ကျပ်…………………………………………………တိတိ) ကို အကြောင်းပြု၍ ပေါ်လစီတွင် မည်ကဲ့သို့ပင် ဆန့်ကျင်ပြဌာန်းထားခြင်းပါရှိစေကာမူ ဤအာမခံသည် အဓိကရုဏ်း နှင့် သပိတ် အပျက်အစီးအားတိုးချဲ့ တာဝန်ယူရမည်ဟု ဤတွင်ကြေငြာပါသည်။ ဤပြင်ဆင်ချက်အလို့ငှာ အဓိကရုဏ်းနှင့် သပိတ်အပျက်အစီး ဟူသည်မှာ (အထူးစည်းမျဉ်းများနှင့်အညီ) အောက်ပါများက တိုက်ရိုက်ဖြစ်ပေါ်စေသည့် အာမခံထားသော ပစ္စည်းဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကို ဆိုလိုရမည်။

၁။ ပေါ်လစီစည်းမျဉ်း ၆ ၌ ဖော်ပြထားသော အဖြစ်အပျက်တရပ် မဟုတ်ဘဲ (သပိတ်မှောက်ခြင်း သို့မဟုတ် စက်ရုံ၊ အလုပ်ရုံ ပိတ်ထားခြင်းနှင့်ဆက်စပ်ပတ်သက်၍ဖြစ်စေ၊ မဆက်စပ်မပတ်သက်ဘဲဖြစ်စေ) ရပ်ရွာအေးချမ်း သာယာရေးအား နှောက်ယှက်ပျက်ပြားစေသည့် အဖျက်အမှောက်လုပ်ရပ် တခုခုတွင် အခြားပုဂ္ဂိုလ်များနှင့် အတူတကွ ပါဝင်လှုပ်ရှားသော တစုံတဦး၏ အပြုအမူ

၂။ ထိုကဲ့သို့သော အဖျက်အမှောက်လုပ်ရပ်တခုခုအား နှိမ်နင်းရာတွင်ဖြစ်စေ နှိမ်နင်းရန် ကြိုးပမ်းရာ၌ဖြစ်စေ၊ ထိုကဲ့သို့သောလုပ်ရပ်တခုခုကြောင့်ဖြစ်ပေါ်သည့် အကျိုးသက်ရောက်မှုများ(ထိခိုက်ပျက်စီးခြင်း) သက်သာစိမ့်သောငှာ တရားဝင်အာဏာပိုင် တရပ်ရပ်၏ဆောင်ရွက်ချက်

၃။ မည်သည့်သပိတ်မှောက်သူ သို့မဟုတ် စက်ရုံအလုပ်ရုံပိတ်ထားခြင်းခံရသော အလုပ်သမားကမဆို သပိတ်မှောက်ခြင်းကို အားပေးရန် သို့မဟုတ် စက်ရုံအလုပ်ရုံပိတ်ထားခြင်းအား အံတုရန်အတွက် တဖွတ်ထိုး လုပ်ဆောင်သည့် အပြုအမူ

၄။ အဆိုပါတဖွတ်ထိုး အပြုအမူတခုခုကို တားဆီးရာတွင်ဖြစ်စေ၊ တားဆီးရန်ကြိုးပမ်းရာ၌ဖြစ်စေ အဆိုပါ အပြုအမူတခုခုကြောင့်ဖြစ်ပေါ်သည့်အကျိုးသက်ရောက်မှုများ(ထိခိုက်ပျက်စီးခြင်း)သက်သာစိမ့်သောငှာတရားဝင်အာဏာပိုင်တရပ်ရပ်၏ဆောင်ရွက်ချက်။

ပေါ်လစီတွင် မည်ကဲ့သို့ပင် ဆန့်ကျင်ပြဌာန်းထားခြင်းပါရှိစေကာမူ ဤအာမခံသည် မသမာဖျက်ဆီးခြင်း အပျက်အစီးအားတိုးချဲ့တာဝန်ယူရမည် ဖြစ်ကြောင်း ဤတွင်ထပ်လောင်း ကြေငြာပါသည်။ ဤတိုးချဲ့တာဝန်ယူခြင်း အလို့ငှာ မသမာဖျက်ဆီးခြင်းဟူသည်မှာ ပေါ်လစီစည်းမျဉ်း ၆ ၌ ဖော်ပြထားသည့် အဖြစ်အပျက်နှင့်ဆက်စပ် ကျူးလွန်သော သို့မဟုတ် ယင်းအဖြစ်အပျက်ကိုဖြစ်စေသည့်အပြုအမူမဟုတ်ဘဲ (ရပ်ရွာ အေးချမ်းသာယာရေးကို နှောက်ယှက်ပျက်ပြားစေသည့် အဖျက်အမှောက်လုပ်ရပ်ဖြစ်ပွားနေစဉ် ကျူးလွန်သည်ဖြစ်စေ၊ မကျူးလွန်သည်ဖြစ်စေ) အာမခံထားသည့်ပစ္စည်းအား ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်း တိုက်ရိုက်ဖြစ်ပေါ်စေသည့် တစုံတဦး၏ မသမာဖျက်ဆီးခြင်း ကိုဆိုသည်။

သို့ရာတွင် ဤတိုးချဲ့တာဝန်ယူခြင်းအရလည်း မီးလောင်ခြင်း သို့မဟုတ် ပေါက်ကွဲခြင်းကြောင့် ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းအတွက် ဤကုမ္ပဏီ၌တာဝန်ရှိလိမ့်မည်မဟုတ်သကဲ့သို့ ဖောက်ထွင်းခိုးယူခြင်း၊ အိမ်ဖောက်ထွင်းခြင်း၊ ခိုးယူခြင်း သို့မဟုတ် အလစ်သုတ်ခြင်း (larceny) တို့ကြောင့် လည်းကောင်း ယင်းတို့ဖြစ်ပျက်နေစဉ်တွင်လည်းကောင်း တစုံတဦးက ထိုကဲ့သို့ ကျူးလွန်ရန်ကြိုးပမ်းခြင်းကြောင့်လည်းကောင်း၊ ထိုကဲ့သို့ ကျူးလွန်ခြင်းကြောင့်လည်းကောင်း၊ ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်း တရပ်ရပ်အတွက် ဤကုမ္ပဏီတွင် တာဝန်ရှိလိမ့်မည် မဟုတ်ပါ။

FIRST NATIONAL INSURANCE
ASSURING PEACE OF MIND, THE ESSENCE OF LIFE

# လေယာဉ်နှင့်ထိခိုက်ပျက်စီးခြင်းပြင်ဆင်ချက်

## Aircraft Damage Endorsement

ဤကုမ္ပဏီသို့ အာမခံထားသူပေးသွင်းသော အပိုပရီမီယံ ………………………………ကျပ် ……………………….ပြား (ကျပ်……………………………တိတိ)ကို အကြောင်းပြု၍ လေယာဉ်ပျံနှင့်အခြားလေကြောင်းဆိုင်ရာကိရိယာများ (Devices) နှင့် သို့မဟုတ် ၎င်းတို့မှကျလာသောပစ္စည်း (Articles) များကတိုက်ရိုက်ဖြစ်ပေါ်စေသည့် အာမခံထားသော ပစ္စည်း မီး သို့မဟုတ် အခြားအကြောင်းကြောင့် ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းမှာ အောက်ပါအထူးစည်းမျဉ်းများနှင့် အညီဤအာမခံတွင် တိုးချဲ့အကျုံးဝင်သည်ဟု ဤတွင်သဘောတူကြေညာပါသည်။

ပေါ်လီစီစည်းမျဉ်းအားလုံးသည် ဤပြင်ဆင်ချက်၌ မူလကပင်ထည့်သွင်းပြဌာန်းထားဘိသကဲ့သို့ ဤအာမခံနှင့် သက်ဆိုင်ရမည်ဖြစ်ပြီး ဤပြင်ဆင်ချက်အလို့ငှာ မည်သည့်ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကိုမဆို အထက်၌ဖော်ပြခဲ့သည့်အတိုင်း မီးကြောင့်ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းဟုမှတ်ယူရမည်။

**အထူးစည်းမျဉ်းများ**

(၁) ဤကုမ္ပဏီ၏တာဝန်ရှိခြင်းသည် မည်သည့်ကိစ္စတွင်မဆို ဤပြင်ဆင်ချက်နှင့်ပေါ်လီစီအရ ပေါ်လီစီပါအမျိုးအစား (Item) တစ်ခုချင်းကအာမခံသည့်တန်ဘိုးထက်မပိုမိုစေရ။

(၂) အာမခံထားသူက မြေပြင်သို့ဆင်းသက်ခွင့်ပြုသော လေယာဉ်ပျံတစ်စင်းစင်းကြောင့် ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကို ဤအာမခံက တာဝန်မယူလျော်ကြေးမပေးပါ။

**မည်သို့ပင်ဖြစ်စေ ပေါ်လီစီစည်းမျဉ်းများ နှင့်ညီညွတ်ရမည်ဖြစ်သည်။**

FIRST NATIONAL INSURANCE
ASSURING PEACE OF MIND, THE ESSENCE OF LIFE

# ထိခိုက်ခြင်းပျက်စီးမှုပြင်ဆင်ချက်

## Impact Damage Endorsement

### အာမခံထားသူ၏ ကိုယ်ပိုင်ယာဉ်များမပါဝင်သော ထိခိုက်ခြင်းပျက်စီးမှု

ဤကုမ္ပဏီသို့ အာမခံထားသူပေးသွင်းသော အပိုပရီမီယံတစ်ရပ်ကို အကြောင်းပြု၍ ဤတွင် သဘောတူညီပြီး ကြေငြာသည်မှာ စာရင်းချုပ်၌ ဖော်ပြထားသည့်ပစ္စည်းနှင့် သို့မဟုတ် ယင်းပတ်လည်တွင်ရှိပြီး သက်ဆိုင်သောနံရံများ၊ ဝင်ပေါက်များနှင့် ခြံစည်းရိုးများအား မည်သည့်လမ်း ယာဉ်များကမဆို ဝန်ပင့်ယာဉ်၊ အခြားစက် သို့မဟုတ် လျှပ်စစ်အားဖြင့် ရွေ့လျားသော ၊ယာဉ်များ (ကုန်လက်ကျန်အဖြစ် ထိန်းသိမ်းထားသော ယာဉ်များမှအပ) မီးရထားစက်ခေါင်းများနှင့် သို့မဟုတ် မီးရထားတွဲများ၊ အာမခံထားသူ သို့မဟုတ် သူ၏မိသားစုဝင်တစ်ဦးဦး သို့မဟုတ် အာမခံထားသူ၏ လုပ်ငန်းမှပုဂ္ဂိုလ် တစ်ဦးဦး မပိုင်ဆိုင်သည့် သို့မဟုတ် ထိန်းသိမ်းမှုအောက်၌ မရှိသော တိရစ္ဆာန်များနှင့် ထိခိုက်ခြင်းကြောင့် တိုက်ရိုက်ဖြစ်ပွားသည့် ပစ္စည်း ဆုံးရှုံးမှု သို့မဟုတ် ပျက်စီးမှုကို ဤပေါ်လစီ၏ အာမခံ၌ ပါဝင်ရန် ဤအာမခံက တိုးမြှင့်ပေးရမည်။

ပေါ်လစီ၏စည်းမျဉ်းအားလုံးသည် ဤပြင်ဆင်ချက်၌ ထည့်သွင်းဖော်ပြထားပြီး ဖြစ်သကဲ့သို့ အကျိုးသက်ရောက်ရမည် ဖြစ်ကာ ဤပြင်ဆင်ချက် အလို့ငှာ မည်သည့်ဆုံးရှုံးမှု သို့မဟုတ် ပျက်စီးမှုမဆို ရှေ့တွင်ဖော်ပြခဲ့သည့် အတိုင်း မီးကြောင့် ဆုံးရှုံးမှု သို့မဟုတ် ပျက်စီးမှုဖြစ်သည်ဟု မှတ်ယူရမည်။

FIRST NATIONAL INSURANCE
ASSURING PEACE OF MIND, THE ESSENCE OF LIFE

# မြေကျွံခြင်း နှင့် မြေပြိုခြင်းပြင်ဆင်ချက်

## Subsidence and Landslide Endorsement

ဤကုမ္ပဏီသို့ အာမခံထားသူ ပေးသွင်းသော အပိုပရီမီယံ ………………………………..…….. ကျပ် …………….. ပြား (ကျပ် ……………………...………………….. တိတိ)ကို အကြောင်းပြု၍ မြေကျွံခြင်းနှင့် သို့မဟုတ် ၎င်းအပေါ်၌ အဆောက်အအုံများ တည်ရှိနေသော မြေကွက် (site) သို့မဟုတ် အဆောက်အအုံများရှိသော မြေ (land) ကြွတက်လာခြင်း (heave) သို့မဟုတ် မြေလျှောခြင်းကြောင့် အာမခံထားရှိသည့် ပစ္စည်းဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းအား ဤအာမခံက တိုးချဲ့တာဝန်ယူရမည်ဖြစ်ကြောင်း ဤတွင်သဘောတူကြေညာပါသည်။ ဤတိုးချဲ့ တာဝန်ယူခြင်းတွင် အောက်ပါများမပါဝင်ပါ။

(က) အကယ်၍နေအိမ် ယင်း၏အိမ်တွင်းသုံးပြင်ပအဆောက်အအုံများ (domestic outbuildings) သို့မဟုတ် ကားရုံများ တစ်ချိန်တည်းတွင် အကြောင်းအရာတစ်ခုတည်းကြောင့် ပျက်စီးခြင်းမဟုတ်ပါက ရေကူးကန်များ၊လှေကားထစ်များ (terraces) ၊ အမိုးပွင့်ခန်းမဆောင်များ(patios) ကားမောင်းလမ်းများ၊ ခြေလျင်လမ်းများ (footpaths) နံရံများ၊ ဝင်ပေါက်များ သို့မဟုတ် ခြံစည်းရိုးများ ပျက်စီးခြင်း။

(ခ) အကယ်၍အဆောက်အအုံများ၏ ၊ပြင်ပနံရံများမှ အောက်ခံ (foundation) များ တစ်ချိန်တည်းတွင် အကြောင်းအရာတစ်ခုတည်းကြောင့် ပျက်စီးခြင်းမဟုတ်ပါက ကြမ်းပြင်အမာခံ အင်္ဂတေပြားများ ရွေ့လျားခြင်းကြောင့် ပျက်စီးခြင်း သို့မဟုတ် ယင်းအင်္ဂတေပြားများပျက်စီးခြင်း။

(ဂ) အောက်ပါများကြောင့်ဖြစ်စေ ယင်းတို့နှင့် ဆက်စပ်ပတ်သက်၍ဖြစ်စေ ယင်းတို့၏အကျိုးသက်ရောက်မှုကြောင့်ဖြစ်စေဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်း။

- ပင်လယ်ရေ သို့မဟုတ် မြစ်ရေ တိုက်စားခြင်း
- ဖြိုဖျက်ခြင်း (demolition) အဆောက်အအုံပုံစံပြောင်းလဲခြင်း (Structural alteration) သို့မဟုတ် အဆောက်အအုံ ပြင်ဆင်ခြင်း (structural repair)
- ချွတ်ယွင်းသောပုံစံ (defective design) သို့မဟုတ် အောက်ခံများအား မပြည့်မစုံဆောက်လုပ်ခြင်း (inadequate construction of foundation)

ဤကုမ္ပဏီ၏ အများဆုံးတာဝန်ရှိမှုသည် အဆောက်အအုံများအပေါ်ရှိ ပစ္စည်းတစ်မျိုးအတွက် အာမခံထားငွေထက်မပိုစေရ။ (တိတိကျကျ ပြောင်းလွှဲပြင်ဆင်ထားခြင်းမှအပ) ပေါ်လီစီစည်းမျဉ်းများ အားလုံးသည် ဤပြင်ဆင်ချက်၌ မူလကပင် ထည့်သွင်းပြဋ္ဌာန်းထားဘိသကဲ့သို့ ဤအာမခံနှင့်သက်ဆိုင်ရမည်ဖြစ်ပြီး ဤပြင်ဆင်ချက်အလို့ငှာ အထက်၌ ဖော်ပြထားသည့်အတိုင်း မည်သည့် ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကိုမဆို မီးကြောင့်ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းဟုမှတ်ယူရမည်။

**မည်သို့ပင်ဖြစ်စေပေါ်လီစီ စည်းမျဉ်းများနှင့် ညီညွတ်ရမည်ဖြစ်သည်။**

FIRST NATIONAL INSURANCE
ASSURING PEACE OF MIND, THE ESSENCE OF LIFE

# မြေငလျင်လှုပ်ခြင်း နှင့် မီးတောင်ပေါက်ကွဲခြင်း ပြင်ဆင်ချက်

## Earthquake and Volcanic Eruption Endorsement

ဤကုမ္ပဏီသို့ အာမခံထားသူပေးသွင်းသောအပိုပရီမီယံ ................................... ကျပ် .................... ပြား (ကျပ်...........................................တိတိ) ကိုအကြောင်းပြု၍ပေါ်လီစီစည်းမျဉ်း ၆ တွင်မည်ကဲ့သို့ပင်ဆန့်ကျင်ပြဋ္ဌာန်းထားစေကာမူ မြေငလျှင်လှုပ်ခြင်းနှင့် မီးတောင်ပေါက်ကွဲခြင်းကြောင့်ဖြစ်စေ ယင်းတို့နှင့် ဆက်စပ်ပတ်သက်၍ဖြစ်စေ ယင်းတို့၏ အကျိုးသက်ရောက် မှုကြောင့် ဖြစ်စေ မီးသို့မဟုတ် အခြားအကြောင်းက တိုက်ရိုက်ဖြစ်ပေါ်စေသည့် ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းအား ဤ အာမခံက တိုးချဲ့တာဝန်ယူရန် ဤကုမ္ပဏီကသဘောတူညီပါသည်။

FIRST NATIONAL INSURANCE
ASSURING PEACE OF MIND, THE ESSENCE OF LIFE

## ပေါက်ကွဲခြင်းပြင်ဆင်ချက်

## Explosion Endorsement

ဤကုမ္ပဏီသို့အာမခံထားသူပေးသွင်းသော အပိုပရီမီယံ ………………………………. ကျပ် ……………….. ပြား (ကျပ်……………..……………………..တိတိ)ကိုအကြောင်းပြု၍ ပေါက်ကွဲခြင်းကြောင့်တိုက်ရိုက်ဖြစ်ပေါ်သော အာမခံထားသည့်ပစ္စည်းမီး သို့မဟုတ် အခြားအကြောင်းကြောင့် ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းသည် ဤတိုးချဲ့တာဝန်ယူမှု (extension) အရ အောက်ပါအထူးစည်းမျဉ်းများနှင့်အညီ ဤအာမခံတွင်အကျုံးဝင်သည်ဟု ဤတွင်သဘောတူကြေညာပါသည်။ သို့ရာတွင်ဖိအားကိုအသုံးပြုသော ဘွိုင်လာများ၊ သက်သာစေသောပစ္စည်း (economizers) များ သို့မဟုတ် အခြားအိုးကြီးများ စက်ပစ္စည်း သို့မဟုတ် ကရိယာတန်ဆာပလာ သို့မဟုတ် ၎င်းတို့အတွင်းရှိ ပစ္စည်းများ ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းသည် ဤအာမခံတွင်အကျုံးမဝင်ပါ။

(ဤပြင်ဆင်ချက်အရ ပေါ်လီစီစည်းမျဉ်း ၈(ဇ) ၌ဖြစ်ပေါ်လာသော အပြောင်းအလဲမှအပ)ပေါ်လီစီစည်း မျဉ်းအားလုံးသည် ဤပြင်ဆင်ချက်၌မူလကပင် ထည့်သွင်းပြဋ္ဌာန်းထားဘိသကဲ့သို့ ဤအာမခံနှင့်သက်ဆိုင်ရမည်ဖြစ်ပြီး ဤပြင်ဆင်ချက်အလို့ငှာ အထက်တွင်ဖော်ပြထားသည့်အတိုင်း ပေါက်ကွဲခြင်းကြောင့်ဖြစ်ပေါ်သော မည်သည့် ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကိုမဆို ဤပေါ်လီစီ၏အဓိပ္ပါယ်ဖွင့်ဆိုချက်အရမီးကြောင့် ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းဟု မှတ်ယူရမည်။

### အထူးစည်းမျဉ်းများ

(၁) ဤကုမ္ပဏီသည် ဤတိုးချဲ့တာဝန်ယူမှုအရလည်း အဖွဲ့အစည်းတခုခုနှင့်ဆက်စပ်ပတ်သက်၍ သော်လည်းကောင်း ယင်းကိုယ်စားသော်လည်းကောင်း လှုပ်ရှားသည့် ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် ပုဂ္ဂိုလ်များက ကျူးလွန်သော မည်သည့် အကြမ်းဖက်လုပ်ရပ်များကြောင့်မဆို တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ ဖြစ်ပေါ်စေသော သို့မဟုတ် ယင်းတို့နှင့် ဆက်စပ်ပတ်သက်၍ဖြစ်ပေါ်သော သို့မဟုတ် ယင်းတို့၏အကျိုးသက်ရောက်မှုကြောင့် ဖြစ်ပေါ်သော ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းအတွက် တာဝန်ရှိလိမ့်မည်မဟုတ်ပါ။

ဤစည်းမျဉ်းအလို့ငှာ အကြမ်းဖက်လုပ်ရပ် (terrorism) ဆိုသည်မှာ နိုင်ငံရေးရလဒ်များအတွက် ကြမ်းတမ်း၊ ရမ်းကားခြင်းကို အသုံးပြုခြင်းဖြစ်ပြီးလူထု သို့မဟုတ် မည်သည့်လူထုတစိတ်တဒေသကိုမဆို ကြောက်ရွံ့စေရန် ရည်ရွယ်လျက် ကြမ်းတမ်းရမ်းကားခြင်းကို တနည်းနည်းဖြင့်အသုံးပြုခြင်း ပါဝင်သည်။

ဤစည်းမျဉ်းပါပြဋ္ဌာန်းချက်များအရ ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်း တရပ်ရပ်သည် ဤအာမခံ၌အကျုံးမဝင်ဟု ဤကုမ္ပဏီကယူဆသော မည်သည့်ပြစ်မှု၊တရားမမှု သို့မဟုတ် အခြားနည်းဖြင့် ဆောင်ရွက်ခြင်း၌မဆို အကျုံးဝင်ကြောင်းသက်သေပြ အတည်ပြုချက်ရရှိရန်မှာ အာမခံထားသူ၏တာဝန်သာဖြစ်သည်။

FIRST NATIONAL INSURANCE
ASSURING PEACE OF MIND, THE ESSENCE OF LIFE

(၂) အကယ်၍ ဤပေါ်လီစီဖြင့် အာမခံထားရှိသော ပစ္စည်းကိုပင် အာမခံသည့် အခြားမီးအာမခံတစုံတစ်ရာရှိနေခဲ့လျှင် ယင်းအာမခံက ပေါက်ကွဲခြင်းကြောင့် ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကိုတိုးချဲ့တာဝန်ယူသည်ဖြစ်စေ တာဝန်မယူသည်ဖြစ်စေ ဤကုမ္ပဏီသည် ပေါက်ကွဲခြင်းကြောင့် ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းတစုံတရာအတွက် ယင်းအခြားအာမခံနှင့်အတူတကွ အချိုးကျသာတာဝန်ရှိစေရမည်။

(၃) ဤတိုးချဲ့တာဝန်ယူမှုသာမရှိပါက ဆုံးရှုံးပျက်စီးချိန်တွင် တည်ဆဲအခြားပေါ်လီစီ သို့မဟုတ် ပေါ်လီစီများက တာဝန်ယူ လျော်ကြေးပေးမည့် ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းအတွက် ဤကုမ္ပဏီတွင်တာဝန်ရှိမည်မဟုတ်ပါ။ သို့ရာတွင် အကယ်၍ ဤအာမခံသာမရှိပါက အဆိုပါပေါ်လီစီ သို့မဟုတ် ပေါ်လီစီများက ပေးလျော်မည့်တန်ဘိုး ထက်ပိုမိုသော အစိတ်အပိုင်းကို ဤကုမ္ပဏီကတာဝန်ယူပါသည်။

**မည်သို့ပင်ဖြစ်စေ ပေါ်လီစီ စည်းမျဉ်းများနှင့် ညီညွတ်ရမည်ဖြစ်သည်။**

FIRST NATIONAL INSURANCE
ASSURING PEACE OF MIND, THE ESSENCE OF LIFE

# အလိုအလျောက်မီးစွဲလောင်ခြင်းပြင်ဆင်ချက်

## Spontaneous Combustion Endorsement

ဤကုမ္ပဏီသို့ အာမခံထားသူပေးသွင်းသော အပိုပရီမီယံ ………………………………. ကျပ် ………………… ပြား (ကျပ်……………..……………………..တိတိ) ကို အကြောင်းပြု၍ အာမခံထားသောပစ္စည်း သူ့အလိုအလျောက် သဘောသဘာဝအရ ပြောင်းလွဲခြင်း၊ ပူပြင်းခြင်း သို့မဟုတ် မီးစွဲလောင်ခြင်း (spontaneous fermentation, heating or combustion) ကြောင့် မီးအာမခံသာထားရှိသည့်ပစ္စည်း ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကို အောက်ပါအထူး စည်းမျဉ်းများနှင့်အညီ ဤအာမခံကတိုးချဲ့တာဝန်ယူရန် ဤတွင်သဘောတူကြေညာပါသည်။

ပေါ်လစီစည်းမျဉ်းများအားလုံးသည် ဤပြင်ဆင်ချက်၌ မူလကပင် ထည့်သွင်းပြဋ္ဌာန်း ထားဘိသကဲ့သို့ ဤအာမခံ နှင့် သက်ဆိုင်ရမည်ဖြစ်ပြီး ဤပြင်ဆင်ချက်အလို့ငှာ အထက်၌ဖော်ပြခဲ့သည့် အတိုင်း ဆုံးရှုံးခြင်း သို့မဟုတ်ပျက်စီးခြင်းသည် မီးကြောင့် ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်း ဖြစ်သည်ဟု မှတ်ယူရမည်။

မှတ်ချက်။ ။ ကျောက်မီးသွေးအာမခံထားရှိခြင်းများတွင် " မီးအာမခံသာထားရှိသည်။" ဟူသော စကားလုံးများကို ဖယ်ထုတ်နိုင်သည်။

### အထူးစည်းမျဉ်းများ

(၁) ဤကုမ္ပဏီ၏တာဝန်ရှိခြင်းသည် မည်သည့်ကိစ္စတွင်မဆို ဤပြင်ဆင်ချက်နှင့် ပေါ်လစီအရ ပေါ်လစီပါ အမျိုးအစား (item)တစ်ခုချင်းက အာမခံသည့်တန်ဘိုးထက်မပိုမိုစေရ။

(၂) ဤအာမခံသည် အောက်ပါများအား တာဝန်မယူလျော်ကြေးမပေးပါ။ ဝင်ငွေများဆုံးရှုံးခြင်း၊ နှောင့်နှေး ခြင်းကြောင့်ဆုံးရှုံးခြင်း၊ ဈေးကွက်ဆုံးရှုံးခြင်း သို့မဟုတ် အခြားအမြတ်ငွေဆုံးရှုံးခြင်း သို့မဟုတ် သွယ်ဝိုက်ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းမျိုးစုံ။ အကယ်၍ ဌားရမ်းခ ဆုံးရှုံးခြင်းသည် ဤအာမခံအကာအကွယ်တွင် အကျုံးဝင်ပြီးဖြစ်ပါက ယင်းငှားရမ်းခ ဆုံးရှုံးခြင်းမပါဝင်။

**မည်သို့ပင်ဖြစ်စေ ပေါ်လစီစည်းမျဉ်းများနှင့် ညီညွတ်ရမည်ဖြစ်သည်။**

FIRST NATIONAL INSURANCE
ASSURING PEACE OF MIND, THE ESSENCE OF LIFE

## လေပြင်းမုန်တိုင်းများပြင်ဆင်ချက်

**Storm, Tempest Endorsement**

ဤကုမ္ပဏီသို့ အာမခံထားသူပေးသွင်းသော အပိုပရီမီယံ ………………………………. ကျပ် ………………… ပြား (ကျပ်……………….……………………..တိတိ)ကို အကြောင်းပြု၍ ဤပေါ်လစီ၏ စည်းမျဉ်း ၆ ၌မည်ကဲ့သို့ပင် ဆန့်ကျင် ပြဋ္ဌာန်းထားစေကာမူ ဟာရီကိန်း၊ ဆိုင်ကလုန်း၊ တိုင်ဖုန်း၊ နှင့် လေပြင်းမုန်တိုင်းတို့ကြောင့် ဖြစ်စေ၊ ၎င်းတို့နှင့်ဆက်စပ်ပတ်သက်၍ ဖြစ်စေ၊ ၎င်းတို့၏အကျိုးသက်ရောက်မှုကြောင့်ဖြစ်စေ တိုက်ရိုက်ဖြစ်ပေါ်သည့် အာမခံထားသောပစ္စည်း မီး သို့မဟုတ် အခြားအကြောင်းကြောင့် ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကို အောက်ပါ အထူး စည်းမျဉ်းများနှင့်အညီ ဤအာမခံကတိုးချဲ့တာဝန်ယူရန် ဤကုမ္ပဏီကသဘောတူညီပါသည်။

(ဤပြင်ဆင်ချက်ဖြင့် တိတိကျကျပြောင်းလဲပြင်ဆင်ခြင်းမှအပ)ပေါ်လစီစည်းမျဉ်းအားလုံးသည် ဤအာမခံနှင့် သက်ဆိုင် ရမည်ဖြစ်ပြီး ဤပေါ်လစီ၌ မီးကြောင့် ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းဟုရည်ညွှန်းပါက အဆိုပါဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းသည်ဤပြင်ဆင်ချက်အရ ဤအာမခံကတိုးချဲ့တာဝန်ယူသည့် အန္တရာယ်တစ်ခုခုကြောင့် တိုက်ရိုက် ဖြစ်ပေါ်သော ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကိုပါ ဆိုလိုသည်ဟု မှတ်ယူရမည်။

### အထူးစည်းမျဉ်းများ

၁။ အကယ်၍ ဟာရီကိန်း၊ ဆိုင်ကလုန်း၊ တိုင်ဖုန်း နှင့် လေပြင်းမုန်တိုင်းတို့၏ တိုက်ရိုက်အား (direct force) ကြောင့် အာမခံထားရှိသည့် အဆောက်အအုံ သို့မဟုတ် အာမခံထားရှိသော ပစ္စည်းထားသိုသည့် အဆောက်အအုံ၏ အမိုးနှင့်နံရံများ ရှေးဦးစွာအကယ်စင်စစ် ပျက်စီးခြင်းမရှိလျှင် လေတိုက်၍ဖြစ်စေ၊ လေမတိုက်ဘဲဖြစ်စေ ရေ သို့မဟုတ် မိုးကြောင့် ဖြစ်ပေါ်သော ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းအတွက် ဤကုမ္ပဏီတွင် တာဝန်ရှိမည်မဟုတ်ပါ။ ဖော်ပြပါ အန္တရာယ်များ၏ တိုက်ရိုက်အားကြောင့် အမိုးနှင့်နံရံများတွင် အပေါက်များပေါက်သွားကာ ယင်းတို့မှဝင်လာသည့်ရေ သို့မဟုတ် မိုးကြောင့် အဆောက်အအုံအတွင်းပိုင်း (interior) နှင့် အဆောက်အအုံ အတွင်းရှိပစ္စည်း ပျက်စီးနိုင်ခြင်း အတွက်သာ ဤကုမ္ပဏီတွင် တာဝန်ရှိမည်ဖြစ်သည်။

၂။ ဤပြင်ဆင်ချက်ရှိစေကာမူ အောက်ပါများအား တိုးချဲ့တာဝန်မယူလျော်ကြေးမပေးပါ။

(က) ဝင်ငွေအမြတ်မည်ကဲ့သို့ ဆုံးရှုံးခြင်းမဆို (consequential loss)

(ခ) လေတိုက်၍ဖြစ်စေ၊ လေမတိုက်ဘဲဖြစ်စေ မိုးသီး (hail) ကြောင့် ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်း။

(ဂ) မြေကျွံခြင်း သို့မဟုတ် မြေလျှောခြင်းကြောင့်ဖြစ်ပေါ်သော ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်း၊ သို့ရာတွင် ယင်းမြေကျွံခြင်း သို့မဟုတ် မြေလျှောခြင်းမှာ မြေလျှင်လှုပ်ခြင်း သို့မဟုတ် မီးတောင်ပေါက်ကွဲခြင်းကြောင့်ဖြစ်ပြီး၊

အဆိုပါအန္တရာယ်များကို ဤပေါ်လီစီက တာဝန်ယူအကာအကွယ် ပေးထားလျှင် အထက်ဖော်ပြပါ ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းမှာ အာမခံအကာအကွယ်တွင် အကျုံးဝင်သည်။

(ဃ) ဤပေါ်လီစီ၏စည်းမျဉ်း ၈(ဇ) တွင်ပြဋ္ဌာန်းထားသကဲ့သို့မှအပ ပေါက်ကွဲခြင်းကြောင့် ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်း။

(င) အဆောက်အအုံများဆောက်လုပ်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းအား ကြပ်မတ်ထိန်းသိမ်းသော အမိန့် သို့မဟုတ် ဥပဒေ တစ်ရပ်ရပ်အရ ဆုံးရှုံးခြင်း။

၃။ ဤတိုးချဲ့တာဝန်ယူမှုသာ မရှိပါက ဆုံးရှုံးပျက်စီးချိန်တွင် တည်ဆဲအခြားပေါ်လီစီ သို့မဟုတ် ပေါ်လီစီများက တာဝန်ယူ လျော်ကြေးပေးမည့်ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းအတွက် ဤကုမ္ပဏီတွင် တာဝန်ရှိမည်မဟုတ်ပါ။ သို့ရာတွင် အကယ်၍ ဤအာမခံသာမရှိပါက အဆိုပါပေါ်လီစီ သို့မဟုတ် ပေါ်လီစီများက ပေးလျော်မည့်တန်ဘိုးထက် ပိုမိုသော အစိတ်အပိုင်းကိုဤကုမ္ပဏီကတာဝန်ယူပါသည်။

၄။ တိတိကျကျနှင့် သီးသီးသန့်သန့် အာမခံထားရှိခြင်းမရှိလျှင် ဤပြင်ဆင်ချက်က အောက်ပါများကို တာဝန်မယူ လျော်ကြေးမပေးပါ။

(က) သတ္တုမီးခိုးခေါင်းတိုင်များ၊ နေကာမိုးကာများ (awnings)၊ ခန်းဆီးလိုက်ကာများ (blinds)၊ သင်္ကေတလက္ခဏာ အမှတ်အသားများ(signs) သို့မဟုတ် အခြားပြင်ပတွင် တပ်ဆင်ထားသောပစ္စည်းမျိုးစုံ (fixtures or fittings)

(ခ) ဤပေါ်လီစီက ဟာရီကိန်း၊ ဆိုင်ကလုန်း၊ တိုင်ဖုန်း နှင့် လေပြင်းမုန်တိုင်းအန္တရာယ်များကို တာဝန်ယူပြီး ဖြစ်စေကာမူ ပြင်ပတံခါးများ၊ ပြတင်းပေါက်များနှင့် အခြားအပေါက်များအားလုံး မပြီးစီးသေးသည့်အပြင် အထက်ဖော်ပြပါ အန္တရာယ်များမှ လည်းကာကွယ်မထားသောဆောက်လုပ်ဆဲ၊ ပြန်လည်ဆောက်လုပ်ဆဲ သို့မဟုတ် ပြုပြင်ဆဲဥပစာများ။

**မည်သို့ပင်ဖြစ်စေ ပေါ်လီစီစည်းမျဉ်းများနှင့် ညီညွတ်ရမည်ဖြစ်သည်။**

FIRST NATIONAL INSURANCE
ASSURING PEACE OF MIND, THE ESSENCE OF LIFE

## ရေကြီးခြင်းပြင်ဆင်ချက်

## Flood Endorsement

ဤကုမ္ပဏီသို့ အာမခံထားသူပေးသွင်းသော အပိုပရီမီယံ ………………………………… ကျပ် ………………… ပြား (ကျပ်…………………………………………တိတိ)ကို အကြောင်းပြု၍ ဤပေါ်လီစီ၏ စည်းမျဉ်း ၆ ၌ မည်ကဲ့သို့ပင် ဆန့်ကျင်ပြဋ္ဌာန်းထားစေကာမူရေကြီးခြင်း (ပင်လယ်ရေလျှံတက်လာခြင်းအပါအဝင်)ကြောင့်ဖြစ်စေ ၎င်းနှင့်ဆက်စပ်ပတ်သက်၍ဖြစ်စေ ၎င်း၏အကျိုးသက်ရောက်မှု ကြောင့်ဖြစ်စေ မီး သို့မဟုတ် အခြားအကြောင်းက တိုက်ရိုက်ဖြစ်ပေါ်စေသည့် ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကို အောက်ပါအထူးစည်းမျဉ်းများနှင့်အညီ ဤအာမခံက တိုးချဲ့တာဝန်ယူရန် ဤကုမ္ပဏီက သဘောတူညီပါသည်။

မှတ်ချက်။ ။ ဤတိုးချဲ့တာဝန်ယူခြင်း (extension) အလို့ငှာ ရေကြီးခြင်းဟူသည်မှာ မြေကျွံခြင်း သို့မဟုတ် မြေလျှောခြင်းကြောင့် ဖြစ်ပေါ်သော ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်း မပါဝင်ဘဲ သဘာဝ သို့မဟုတ် လူလုပ်ရေလမ်းများ (water courses) ၏ပုံမှန်ရေစီးကြောင်းများမှ ရေလျှံတက်ခြင်း သို့မဟုတ် ယင်းတို့မှ သွေဖယ်ခြင်း (deviation) နှင့်အာမခံထားရှိသော အဆောက်အအုံ သို့မဟုတ် အာမခံထားရှိသည့် ပစ္စည်းထားသိုသောအဆောက်အအုံ ပြင်ပမှ စတင်ကာ ရေစီးခြင်း တစ်မျိုးမျိုး သို့မဟုတ် ရေလွှမ်းမိုးခြင်းကိုဆိုသည်။

### အထူးစည်းမျဉ်းများ

၁။ ဤပြင်ဆင်ချက်ရှိစေကာမူ အောက်ပါများအားတိုးချဲ့ တာဝန်မယူလျော်ကြေးမပေးပါ။

(က) ဝင်ငွေ၊အမြတ် မည်ကဲ့သို့ဆုံးရှုံးခြင်းမဆို (consequential loss)

(ခ) မြေကျွံခြင်း သို့မဟုတ် မြေလျှောခြင်းကြောင့်ဖြစ်ပေါ်သော ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်း၊ သို့ရာတွင် ယင်းမြေကျွံခြင်း သို့မဟုတ် မြေလျှောခြင်းမှာ မြေငလျင်လှုပ်ခြင်း သို့မဟုတ် မီးတောင်ပေါက်ကွဲခြင်းကြောင့် ဖြစ်ပြီးအဆိုပါ အန္တရာယ်များကို ဤပေါ်လီစီကတာဝန်ယူ အကာအကွယ် ပေးထားလျှင် အထက်ဖော်ပြပါ ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းမှာ အာမခံအကာအကွယ်တွင်အကျုံးဝင်သည်။

(ဂ) ဤပေါ်လီစီ၏စည်းမျဉ်း ၈(ဇ) တွင်ပြဋ္ဌာန်းထားသကဲ့သို့မှအပ ပေါက်ကွဲခြင်းကြောင့် ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်း။

(ဃ) အဆောက်အအုံများဆောက်လုပ်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းအား ကြပ်မတ်ထိန်းသိမ်းသော အမိန့်သို့မဟုတ် ဥပဒေတစ်ရပ်ရပ်အရ ဆုံးရှုံးခြင်း။

FIRST NATIONAL INSURANCE
ASSURING PEACE OF MIND, THE ESSENCE OF LIFE

၂။ ဤတိုးချဲ့တာဝန်ယူမှုသာမရှိပါက ဆုံးရှုံးပျက်စီးချိန်တွင် တည်ဆဲအခြားပေါ်လစီ သို့မဟုတ် ပေါ်လစီများက တာဝန်ယူလျော်ကြေးပေးမည့် ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းအတွက် ဤကုမ္ပဏီတွင်တာဝန်ရှိမည်မဟုတ်ပါ။ သို့ရာတွင် အကယ်၍ဤအာမခံသာမရှိပါက အဆိုပါ ပေါ်လစီ သို့မဟုတ် ပေါ်လစီများကပေးလျော်မည့်တန်ဘိုးထက် ပိုမိုသော အစိတ်အပိုင်းကို ဤကုမ္ပဏီကတာဝန်ယူပါသည်။

၃။ တိတိကျကျနှင့် သီးသီးသန့်သန့်အာမခံထားရှိခြင်းမရှိလျှင် ဤပြင်ဆင်ချက်က အောက်ပါများကို တာဝန်မယူလျော်ကြေးမပေးပါ။ သတ္တုမီးခိုးခေါင်းတိုင်များ၊ နေကာမိုးကာများ (awnings) ခန်းဆီးလိုက်ကာများ (blinds) သင်္ကေတလက္ခဏာအမှတ်အသားများ (signs) သို့မဟုတ် အခြားပြင်ပတွင်တပ်ဆင်ထားသော ပစ္စည်းမျိုးစုံ (fixtures or fittings)

**မည်သို့ပင်ဖြစ်စေ ပေါ်လစီစည်းမျဉ်းများနှင့် ညီညွတ်ရမည်ဖြစ်သည်။**

FIRST NATIONAL INSURANCE
ASSURING PEACE OF MIND, THE ESSENCE OF LIFE

# ဖောက်ထွင်းခိုးယူခြင်းပြင်ဆင်ချက်

## Burglary Endorsement

ဤကုမ္ပဏီသို့အာမခံထားသူပေးသွင်းသော အပိုပရီမီယံ ………………………………… ကျပ် ………………… ပြား (ကျပ်…………………………………………တိတိ) ကိုအကြောင်းပြု၍ အဆောက်အအုံတစ်ခုအတွင်းသို့လည်းကောင်း ယင်းမှ အပြင်ဘက်သို့လည်းကောင်း အမှန်တကယ်အင်အားသုံး၍ ပြင်းပြင်းထန်ထန် ချိုးဖောက်ဝင်ရောက်ခြင်း သို့မဟုတ် ဖောက်ထွက်ခြင်း သို့မဟုတ် ထိုကဲ့သို့ပြုလုပ်ရန် ကြိုးပမ်းခြင်းကိုဆောင်ရွက်ကာ ခိုးယူခြင်းကြောင့် တိုက်ရိုက်ဖြစ်ပေါ်စေသည့်အာမခံထားသည့်ပစ္စည်းဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းမှာ ဤအာမခံတွင် တိုးချဲ့အကျုံးဝင်ရမည်ဖြစ်ကြောင်း ဤတွင်သဘောတူကြေညာပါသည်။

FIRST NATIONAL INSURANCE
ASSURING PEACE OF MIND, THE ESSENCE OF LIFE

## စစ်ဘေးအန္တရာယ်ပြင်ဆင်ချက် (မီးအာမခံ)

## War Risk Endorsement

ဤကုမ္ပဏီသို့ အာမခံထားသူပေးသွင်းသော အပိုပရီမီယံ ……………………………… ကျပ် ………………… ပြား (ကျပ်……………………………………………တိတိ)ကို အကြောင်းပြု၍ပေါ်လီစီစည်းမျဉ်း ၆ ၌ မည်သို့ပင်ဆန့်ကျင် ပြဋ္ဌာန်းထား စေကာမူအောက်ဖော်ပြပါအဖြစ်အပျက်တရပ်ရပ်ကြောင့် ဖြစ်စေ ယင်းနှင့် ဆက်စပ်ပတ်သက်၍ဖြစ်စေ၊ ယင်း၏ အကျိုးသက်ရောက်မှုကြောင့်ဖြစ်စေ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ပေါ်ပေါက်စေသော မည်သည့်ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကိုမဆို ဤအာမခံကတိုးချဲ့ တာဝန်ယူရန်ဤကုမ္ပဏီက သဘောတူညီပါသည်။ စစ်ဖြစ်ပွားခြင်း၊ ကျူးကျော်ဝင်ရောက်ခြင်း၊ နိုင်ငံခြားရန်သူ၏အပြုအမူ၊ စစ်ပြုခြင်းများ သို့မဟုတ် စစ်ကဲ့သို့ တိုက်ခိုက်ခြင်းများ (စစ်ကြေငြာသည်ဖြစ်စေ၊ မကြေငြာသည်ဖြစ်စေ) သို့မဟုတ် ပြည်တွင်းစစ်ပုန်ကန်မှု၊ စစ်တပ် သို့မဟုတ် လူထုအုံကြွမှု (popular uprising) သောင်းကျန်းမှု၊ သူပုန်ထမှု၊ တော်လှန်ရေး၊ စစ်တပ် သို့မဟုတ် အာဏာသိမ်းခြင်း၊ စစ်အမိန့်ထုတ်ပြန်ခြင်း (martial law) သို့မဟုတ် သိမ်းပိုက်ထားခြင်း သို့မဟုတ် စစ်အမိန့်ထုတ်ပြန်ခြင်း (martial law) သို့မဟုတ် သိမ်းပိုက်ထားခြင်းကို ဖြစ်ပေါ်စေသောအကြောင်းရင်း၊ သို့မဟုတ် အဖြစ်အပျက် တစ်ခုခု။

**မည်သို့ပင်ဖြစ်စေ ပေါ်လီစီစည်းမျဉ်းများ နှင့် ညီညွတ်ရမည်ဖြစ်သည်။**